**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

Website: chinland.org Email: cnf.headquarters@gmail.com

# (၂၉) နှစ်မြောက် ချင်းတော်လှန်ရေးနေ့ ထုတ်ပြန်ကြေညာချက်

ယနေ့ ၂၀၁၇ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့သည် ချင်းအမျိုးသားတော်လှန်ရေး (၂၉) နှစ်ပြည့်သည့် နေ့ထူး နေ့မြတ်ပင် ဖြစ်သည်။ ဤတော်လှန်ရေးကာလအတွင်း အသက်ပေးလှူသွားခဲ့ကြသော ချင်းပြည်သူများ၊ ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော်မှ အာဇာနည် ရဲဘော်ရဲမေများအား ဦးညွှတ်ဂါရဝ ပြု အပ်ပါသည်။

ယနေ့ အချိန်ကာလသည် အနှစ် (၇၀) နီးပါး ပြည်တွင်းစစ် အဆုံးသတ်ရေးနိုင်ရေးအတွက် ပြည်တွင်းစစ်၏ အဓိက အကြောင်းရင်းခံဖြစ်သည့် တိုင်းရင်းသားလူမျိုးများအကြား တန်းတူညီမျှမှု မရှိခြင်းနှင့် ဒီမိုကရေစီ စနစ် ဆိတ်သုန်းမှု ပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းနေသည့်ကာလ ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများမှတဆင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁) ရာစု ပင်လုံမှ “ပြည်ထောင်စုသဘောတူစာချုပ်” ချုပ်ဆိုပြီး ပြည်သူပြည်သားများအားလုံး လိုလား တောင့်တနေသည့် ဖက်ဒရယ်ပြည်ထောင်စုကို အသစ်တဖန် ပြည်လည် တည်ဆောက်သွားကြရန် ဖြစ် သည်။ မကြာသေးမီက အချိန်အကန့်အသတ်နှင့် အခက်အခဲ မျိုးစုံကြားထဲမှ ချင်းအမျိုးသားနိုင်ငံရေးဆွေး နွေးပွဲ ကျင်းပနိုင်ခဲ့ခြင်းသည် ချင်းအမျိုးသားတို့၏ မျိုးချစ်စိတ်ဓါတ်နိုးကြားမှု၊ တာဝန်သိမှုနှင့် စည်းလုံးညီ ညွှတ်မှုကို ပြသလိုက်ခြင်း ဖြစ်သည်။ လွတ်လပ်ရေး ရစကတည်းက ယင်းကဲ့သို့ လွတ်လွတ်လပ်လပ် ချင်း တမျိုးသားလုံး နိုင်ငံရေးဆွေးနွေးပွဲများ မကျင်းပခဲ့ဖူးပေ။ ယခုကဲ့သို့ ရရှိလာသည့် အခွင့်အလမ်းများအား အမိအရ ရယူပြီး ချင်းတမျိုးသားတရပ်လုံး၏ ဘုံအကျိုးစီးပွားနှင့် တိုင်းရင်းသား ပြည်သူလူထုတရပ်လုံး၏ ဘုံအကျိုးစီးပွားများကို အခိုင်အမာ တည်ဆောက်ရန် လိုအပ်ပေသည်။

ချင်းအမျိုးသားတပ်ဦး အနေဖြင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော ဒီမိုကရေစီရေး၊ အမျိုးသားတန်း တူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသည့် ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအ တွက် ချင်းပြည်သူများနှင့် အတူလက်တွဲ၍ “တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်” ပါအတိုင်း တစိုက်မတ်မတ် ဆက်လက် အကောင်အထည် ဖော်ဆောင်သွားမည် ဖြစ်သည်။

ထို့ကြောင့် ယနေ့တွင် ကျရောက်သည့် (၂၉) နှစ်မြောက် ချင်းတော်လှန်ရေးနေ့ အခါသမယတွင် ချင်းပြည် သူများ၊ ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသား တပ်မတော်သားများအားလုံး အားသစ်လောင်းပြီး ကျရာ ကဏ္ဍမှ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင် ရောက်သည်အထိ လက်တွဲမဖြုတ်စတမ်း အမျိုးသားရေးတာဝန်ကို တက်တက်ကြွကြွ ပါဝင်ဆင်နွှဲကြပါရန် တိုက်တွန်းလိုက်ရပေသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ချင်းအမျိုးသားတပ်ဦး

၂၀၁၇ ခုနှစ်၊ မတ်လ (၂၀) ရက်